ရွှေကူကျေးရွာ

စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေကူကျေးရွာ၊ စလင်းမြို့နယ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက**

**ကူညီရေးဆွဲသည်**

**မာတိကာ**

စဉ် အကြောင်းအရာ

**စကားချီး**

စလင်းမြို့နယ်၊ ရွှေကူကျေးရွာ သယံဇာတပြမြေပုံ

စလင်းမြို့နယ်၊ ရွှေကူကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

၁။ တည်နေရာနှင့် ပထဝီဝင်နေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

**စကားချီး**

ကျွန်ုပ်တို့ ရွှေကူကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ချမှတ် ဆောင်ရွက်ခဲ့သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့

၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


ရွှေကူကျေးရွာ

စလင်းမြို့နယ်

## စလင်းမြို့နယ်၊ ရွှေကူကျေးရွာ အရင်းအမြစ်ပြမြေပုံ



# စလင်းမြို့နယ် ၊ ရွှေကူကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ကံရွှေကူကျေးရွာအုပ်စု၊ ရွှေကူကျေးရွာသည် အရှေ့ဘက်တွင် စနေချောင်ကျေးရွာ၊ အနောက်ဘက်တွင် ပန်းပြင်ကျေးရွာ၊ တောင်ဘက်တွင် ကြည်ကုန်းကျေးရွာနှင့် မြောက်ဘက်တွင် နွယ်တမယ်-သရက်တော ကားလမ်းတို့နှင့် နယ်နမိတ်ချင်းဆက်စပ်နေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ရွှေကူကျေးရွာသည် ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုမှာ စလင်းမြို့နှင့် (၅)မိုင်ခန့် ကွာဝေးသောကြောင့် သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်းဖြစ်ပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာ ရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။ ရွှေကူကျေးရွာသည် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်မှု အသင့်အတင့် ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရွှေကူကျေးရွာ၏ ရာသီဥတုမှာ တန်ခူး၊ ကန်ဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်လပြည့်ကျော်မှစ၍မိုးအသင့်တင့်ရွာပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များ စတင်လုပ်ကိုင်သော အချိန်ကာလဖြစ်ပါသည်။ အလယ်ပိုင်းကာလဖြစ်သည့်အလျောက် ပူပြင်းသောရာသီကို အများဆုံးခံစားရပြီး မိုးအသင့်အတင်သာရရှိသော ဒေသဖြစ်ပါသည်။ ရွှေကူကျေးရွာသည် စပါး၊ ပဲမျိုးစုံစသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြပါသည်။ စလင်းချောင်းမှခွဲ၍ ခိုင်မြောင်းမှတဆင့် ပေးလွှတ်သော စိုက်ပျိုးရေကို အမှီပြု၍ လယ်ယာစိုက်ပျိုးကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။

ရွှေကူကျေးရွာတွင် ချောင်းရေသောက် လယ်ကေ(၁၄၁.၃)ကေ၊ ယာမြေကေ(၂၁၀.၂)ကေနှင့် ကိုင်းကျွန်းကေ(၁၉၆.၃)ကေရှိပါသည်။ ဦးပိုင်ယာမြေများ ကျယ်ပြန့်စွာ ရှိနေသည့်အတွက် ခိုင်းနွားများနှင့်ဝက်များမွေးမြူရေးအတွက် စားကျက်အလုံအလောက်ရှိသဖြင့် စီးပွားဖြစ် မွေးမြူရေးတိုးချဲ့ရန် အလားအလာကောင်းများလည်းရှိပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သောကြောင့် သဘာဝပေါက်ပင်များမှာ ထောက်ကြံ့၊ အင်ကြင်း၊ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ရှား၊ ထနောင်း၊ ကုက္ကိုလ်စသည့် အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်း၊ ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တောများလည်း လျော့နည်းလာပါသည်။ ထင်းအတွက် ခုတ်ယူမှုများကြောင့် သဘာဝဆေးဖက်ဝင်အပင်များ လျော့နည်းလာပါသည်။ ရွာပတ်လည်တွင် ငှက်မျိုးစုံနှင့် သမင်၊ ဂျီ၊ ယုန် စသည့် တိရိစ္ဆာန်များရှားပါးလာပါသည်။ လက်လှမ်းမီနိုင်မှု တစ်ဖြည်းဖြည်း ခက်ခဲလာပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

ရွှေကူကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏ လိုအပ်ချက်အရ အဖွဲ့(၄)ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ ကျေးရွာရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေး ကဏ္ဍတွင် အရန်မီးသတ်အဖွဲ့နှင့် ဘာသာရေးကဏ္ဍတွင် ဓမ္မစကူးလ်အဖွဲ့၊ ဝတ်အသင်းအဖွဲ့တို့ ရှိကြပါသည်။ ၎င်းအဖွဲ့များဖွဲ့စည်းထားသော်လည်း အဖွဲ့အလိုက် စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ အားနည်းလျက်ရှိပါသည်။ ကျေးရွာတွင် အဖွဲ့ အစည်းများရည်ရှည်ရှင်သန်၍ အောင်မြင်ဖြစ်ထွန်းမှုရှိလာအောင် သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားလာမည် ဖြစ်ပါသည်။

မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမ၊ ပညာရေး၊ ကျန်းမာရေး၊ လဝက) စသည့်ဌာနများနှင့် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများကို ရရှိခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာအဖွဲ့မှ အသေးစား ငွေစုငွေချေးလုပ်ငန်းများမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ရွှေကူကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြပြီး စပါးနှင့်ပဲမျိုးစုံကိုသာ စိုက်ပျိုးပြီး ဝင်ငွေအသင့်အတင့် ရရှိပါသည်။ စပါးတစ်ဧကပျမ်းမျှ အထွက်နှုန်း မှာ (၄၀ မှ ၇၀)တင်း ဖြစ်ပြီး ပဲ၏တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၃၀ မှ ၆၀) တင်းရရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ နွားမွေးမြူရေးကို အိမ်ထောင်စု(၁၁၀)အိမ်တွင် အကောင်ရေ(၄၃၃)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၂၁)အိမ်တွင် အကောင်ရေ(၄၄)ကောင်၊ ကြက်မွေးမြူရေးသော အိမ်ထောင်စု(၅၅)အိမ်တွင် အကောင်ရေ(၅၇၁)ကောင် မွေးမြူကြပါသည်။

အိမ်ထောင်စုများကို အဆင့်(၄)ဆင့်ခွဲခြားထားပါသည်။ ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆုံးဖြတ်သော ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသောအဆင့်(၂၀)အိမ်ထောင်စုရှိပါသည်။ အလယ်အလတ်အဆင့်မှာ (၃၃)စုရှိပါသည်။ မပြေလည်သောအဆင့်မှာ(၇၈)စုရှိပါသည်။ အလွန်မပြေလည်သောအဆင့်မှာ (၄၈)စု ရှိပါသည်။ ဥစ္စာဓန

အဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ အိမ်အမျိုးအစား၊ ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှု၊ အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင်မှုများဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။ ၎င်းအပြင်ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာမဲ့များဖြစ်ကြ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားဖြင့်သာ လုပ်ကိုင်ကြရသည်။ မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ (၈၃)အိမ်ထောင်စုရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြပါသည်။

ကျေးရွာအတွင်းရှိ မြေယာမဲ့အိမ်ထောင်စုများမှာ စိုက်ပျိုးရာသီချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို နေ့စားအလုပ် ဝင်ရောက်လုပ်ကိုင်ကြရပြီး တစ်ချို့မှာ ခေါင်းရွက်ဈေးသည်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် လက်သမား၊ ပန်းရံလုပ်ကိုင်ခြင်း၊ စက်ပြင်၊ အပ်ချုပ်၊ လုပ်ငန်း၊ ဈေးဆိုင်ဈေးရောင်းခြင်း၊ အစိုးရဝန်ထမ်း အလုပ်တို့ကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အစိုးရဝန်ထမ်းအလုပ်မှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်ဝင်ငွေမရှိကြပါ။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

ရွှေကူကျေးရွာ၏ ဈေးကွက်လက်လှမ်းမီမှုအခြေအနေမှာ စလင်းမြို့ဈေးနှင့် (၅)မိုင်သာကွာဝေးပြီး ကုန်းလမ်းဖြင့်သာသွားလာရသဖြင့် အဆင်ပြေပါသည်။ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၂၉)စီး၊ ဆိုင်ကယ်(၁၁၉)စီး၊ သုံးဘီးဆိုင်ကယ်(၁) စီးနှင့် နွားလှည်း (၄၅)စီးရှိ၍ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့တွင် အသုံးပြုလျှက်ရှိပါသည်။

မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးဘဲ ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၈၃) အိမ် နှင့် ဒီဇယ်အင်ဂျင်အသုံးပြုသည့် အိမ်ထောင်စု(၉၆)အိမ် ရှိပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း(၁၈၆)လုံး၊ ရေဒီယို(၅၄)လုံး၊ တီဗွီ(၄၂)လုံးနှင့် စလောင်း(၃၄)ခုရှိပါသည်။ ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်းမီစွာအသုံးပြုနိုင်သည့်အတွက် ဆက်သွယ် ရေးကောင်းမွန်သောကျေးရွာ ဖြစ်ပါသည်။ သတင်းအချက်အလက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျှက်ရှိကြပါသည်။

## ၆။ ပညာရေး

ရွှေကူကျေးရွာတွင် မူလတန်း(မူလွန်)ကျောင်းရှိပါသည်။ စာသင်ကျောင်းတွင် ပရိဘောဂ ပစ္စည်းများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာများ ကောင်းမွန်ပါသည်။ ရွာကျောင်းတွင် လက်ရှိမှာ နိုင်ငံတော်မှတည်ဆောက်ပေးထားသော **(၆၀'x၃၀')** ကျောင်းဆောင်(၁)ဆောင်နှင့် ကျေးရွာမှ ကိုယ်ထူ ကိုယ်ထဆောင်ရွက်ထားသော **(၁၆' x ၁၅' နှင့် ၃၁'x ၂၂')** ကျောင်းဆောင်(၂)ဆောင်မှာ လည်း ကောင်းမွန်ပါသည်။ ကျောင်းတွင် စာသင်ကြားသော ဆရာ/ဆရာမ ဦးရေမှာ ကျား(၂)ဦး၊ မ(၃) ဦးတို့ဖြင့် သင်ကြားနေပါသည်။ အဌမတန်းနှင့် နဝမတန်းကို ကျေးရွာနှင့်(၂)မိုင်ဝေးသည့် ငါးသန်ခေါင်းရွာကျောင်းသို့ သွားရောက်ပညာသင်ကြားရပြီး ဒသမတန်းကျောင်းသူ/ သားများသည်

ရွာနှင့်(၅)မိုင် ဝေးသည့် စလင်းမြို့သို့(အ.ထ.က-၁)အထက်တန်းကျောင်းသို့ သွားရောက်ပညာ သင်ယူလျက်ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း နေသူ(၅၉)ဦး၊ အလယ်တန်းကျောင်းနေသူ (၃၄)ဦး၊ အထက်တန်းကျောင်းနေသူ(၂၀)ဦးနှင့် တက္ကသိုလ်တက်နေသူ (၂၄)ဦးရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွှေကူကျေးရွာတွင် ကျေးသားအများစုသည် သာမန်အားဖြင့် ကျန်မာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ အမျိုးသမီး ၊ လူငယ် လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသော်လည်း သက်ကြီးပိုင်းတို့တွင် သွေးတိုးရောဂ ါ အဖြစ်များကြသည်။ လွန်ခဲ့သော (၁၂)လအတွင်း (၅)နှစ်အောက်ကလေးများအတွက် အဆုတ်ရောဂါ၊ ဆုံဆို့၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရာဂါစသည့် ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ကာကွယ်ဆေးနှင့် အခြားလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါကလည်း ကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးသော စလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသ မှုခံယူကြရပါသည်။

ကျေးရွာအတွင်း ရေတွင်း(၃၉)တွင်းနှင့် အဝီစိတုံကင် ပုဂ္ဂလိကပိုင်(၃၇) တွင်းရှိသဖြင့် သောက်သုံးရေဖူလုံပါသည်။ ကေ ျးရွာတွင် ယင်လုံအိမ်သာ(၁၂၁)လုံးရှိပြီး ကျန်အိမ်ထောင်စုများမှာ အိမ်သာ(၁)လုံးလျှင် (၂)အိမ် အတူတူ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာ ဆောက် လုပ်သုံးစွဲကြသဖြင့်

ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါနှင့် ယင်ကြောင့်ဖြစ်ပွား တတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာ၏ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

- **ရေကြီးခြင်း** – မိုးရာသီတွင် ရေကြီးပြီး လယ်/ယာများထဲသို့(၃ပေ) အမြင့်ထိ ရေများ ဖုံးလွှမ်းလျှက်ရှိပါသည်။
- **တိရစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း** – ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် နွားများ ခွာနာလျှာနာနှင့် ရောဂါများအဖြစ်များပြားလာခြင်းဖြစ်ပါသည်။

## ၉။ ကျား မ ရေးရာ

ရွှေကူကျေးရွာတွင် အိမ်ခြေ(၁၇၉)အိမ်ရှိပြီး ကျား(၃၁၆)ဦး၊ မ(၃၅၁)ဦးဖြင့် လူဦးရေပေါင်း (၆၆၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပါပြီး နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ပျမ်းမျှ (၅)ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများ နေထိုင်ကြသော ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ (၇၂%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၂)နှစ်အထက် လူဦးရေစုစုပေါင်း (၂၈%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေမှာ(၄၇၃) (၇၀.၉၁%)ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း (၁၉၄) (၂၉.၀၉%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ (၇၀.၉၁%)ရှိသော်လည်း အလုပ်အကိုင်နှင် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကိုတွေ့ရှိရ ပါသည်။

ရွှေကူကျေးရွာတွင် ကျား- မ တန်းတူအခွင့်အရေးရှိကြပြီး ကျေးရွာအတွင်းရှိစီမံအုပ်ချုပ်မှု စနစ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသားများသာ ဦးဆောင် လေ့ရှိကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရပါသည်။ အမျိုးသမီး များသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် မျိုးစေ့ချခြင်း၊ ရိပ်သိမ်း ခြင်းကိစ္စများဆောင်ရွက်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်းစသည့် လယ်ယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ မိသားစုဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ အားနည်းနေဆဲဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ဘာသာရေးအထိန်းအမှတ်ယဉ် ကျေးမှုပွဲတော်များ၊ သာရေးနာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ အပေါ်တွင် အကြမ်းဖက်မှုများလည်းမရှိပါ။ လုပ်အားခသတ်မှတ်ရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီးလုပ်အားခထက် ပိုမိုများလေ့ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်သည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူ/ရွာသားများမှ အများသဘောတူရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၅)ဦးက ဦးစားပေးမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောင်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရယူရန်လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားပါသည်။

## ရွှေကူကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် ဇယား

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁ | ✔ | | | | |
| ၂ | လျှပ်စစ်မီးလင်းနိုင်ရေး စီမံချက် | ၂ | | ✔ | | | |
| ၃ | ကျန်းမာရေးကဏ္ဍတိုးတက်ရေး စီမံချက် | ၃ | | | ✔ | | |

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု၊ ကြို့ဝန်းကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား**

| စဉ် | ပြဿနာ အခက်အခဲ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေ ကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ သည်မိုးရာသီတွင် လမ်းများပွက်ထနေ၍ သွားလာရခက်ခဲနေခြင်း။ | -မိုးရာသီရေတိုက်စားမှု များ **ခြင်း။**<br>**- မြေသားလမ်းဖြစ်နေ** ခြင်း။ | - ကုန်ကြမ်းလက်လှမ်းမီခြင်း။<br>- စက်ယန္တရားလက်လှမ်းမီခြင်း။<br>-ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ | ရန်ပုံငွေမရှိခြင်း။ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ရန်ပုံငွေ ရရှိရန် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြေနီကျောက်ချောလမ်းအဆင့်မြှင့်တင်ရေး စီမံချက် |
| ၂ | လျှပ်စစ်မီးမရရှိသေး၍ လူနေမှုအဆင့်နိမ့်ကျနေခြင်း | ကျေးရွာတွင်း ငွေကြေးအင်အား အားနည်းခြင်း။ | ဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖွဲ့စည်းပြီးခြင်း။<br>ဖွံ့ဖြိုးရေးအဖွဲ့များပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်း။ | ရန်ပုံငွေမလုံလောက်ခြင်း။ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ရန်ပုံငွေ ရရှိရန် လျှပ်စစ်ဝန်ကြီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | လျှပ်စစ်မီးလင်းနိုင်ရေး စီမံချက် |
| ၃ | ကျန်းမာရေးဆေးပေးခန်းမရှိ၍ ကျေးရွာသူ / သားများ အချိန်မီဆေးကုသမှုမရရှိခြင်း | ရာသီဥတုက ရောဂါဖြစ်မှု ကိုအားပေးနေခြင်း။ | | ရန်ပုံငွေမလုံလောက်ခြင်း။ | ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍<br>လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း။ | ကျန်းမာရေးကဏ္ဍတိုးတက်ရေး စီမံချက် |

# ကြို့ဝန်းကျေးရွာ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

| စဉ် | စီမံချက် | အမှတ်ပေးသူ ၁ | အမှတ်ပေးသူ ၂ | အမှတ်ပေးသူ ၃ | အမှတ်ပေးသူ ၄ | အမှတ်ပေးသူ ၅ | အမှတ်ပေးသူ ၆ | အမှတ်ပေးသူ ၇ | အမှတ်ပေးသူ ၈ | အမှတ်ပေးသူ ၉ | အမှတ်ပေးသူ ၁၀ | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | လျှပ်စစ်မီးလင်းနိုင်ရေး စီမံချက် | ၉ | ၈ | ၉ | ၈ | ၇ | ၉ | ၆ | ၉ | ၅ | ၈ | ၇၈ | ၂ |
| ၃ | ကျန်းမာရေးကဏ္ဍတိုးတက်ရေ း စီမံချက် | ၆ | ၅ | ၅ | ၉ | ၆ | ၅ | ၅ | ၅ | ၆ | ၅ | ၅၇ | ၃ |

# ကြို့ဝန်းကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | ၅ဧကနှင့်အထက် | ၃ဧက– ၅ဧက | ၃ဧကအောက် | မြေယာမဲ့ |
| **အိမ်အခြေအနေ** | သွပ်မိုးတိုက်အိမ် | သွပ်မိုးပျဉ်ကာ | သွပ်မိုးထရံကာ | သက်ကယ်မိုးထရံကာ |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | ထွန်စက်၊ ကား၊ ထော်လာဂျီ၊ နွား ၂ရှဉ်းအထက် | ထွန်စက်၊ နွား ၂ရှဉ်း | နွား ၁ရှဉ်းအောက် | နွားမရှိ/ လှည်းမရှိ |
| **အဓိကစီးပွားရေး လုပ်ငန်း** | လယ်ယာ | လယ်ယာ၊ ဈေးရောင်း | လယ်ယာ၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၂၀** | **၃၃** | **၇၈** | **၄၈** |

# ကြို့ဝန်းကျေးရွာအုပ်စု၊ ကြို့ဝန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ထွန်း | ဦးဟန်သိန်း | ၈/စလန(နိုင်)၁၀၈၇၄၅ | ၄၂ | ဥက္ကဌ | ၀၉-၄၄၀၈၁၆၆၀၅ |
| ၂ | ဦးတင်ဌေး | ဦးလှသောင်း | ၈/စလန(နိုင်)၁၂၈၇၄၅ | ၃၈ | အတွင်းရေးမှူး | |
| ၃ | ဦးစိုးဝင်း | ဦးဝေမောင် | ၈/စလန(နိုင်)၁၂၈၇၆၀ | ၄၉ | စာရင်းကိုင်-၁ | ၀၉-၂၅၉၇၃၀၅၀၃ |
| ၄ | ဒေါ်စန္ဒာဝင်း | ဦးမြင့်ဦး | ၈/စလန(နိုင်)၁၁၉၇၀၈ | ၃၇ | စာရင်းကိုင်-၂ | ၀၉-၂၆၂၇၃၇၃၉၀ |
| ၅ | ဦးကျော်ကျော်လှိုင် | ဦးခင်လေး | ၈/စလန(နိုင်)၀၃၆၅၉၉ | ၅၀ | သော့ကိုင်-၁ | ၀၉-၂၅၆၆၃၀၄၆၂ |
| ၆ | ဒေါ်မြင့်မြင့်စန်း | ဦးလှစိုး | ၈/စလန(နိုင်)၀၆၀၆၃၇ | ၂၉ | သော့ကိုင်-၂ | ၀၉-၂၅၆၈၅၂၂၁၉၄ |
| ၇ | ဦးလှဟန် | ဦးကြာနီ | ၈/စလန(နိုင်)၁၂၅၁၄၅ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၁၆၄၁၃၂၀ |
| ၈ | ဦးအောင်ကိုဦး | ဦးသံချောင်း | မရှိ | ၁၉ | အဖွဲ့ဝင် | ၀၉-၄၅၉၇၃၁၅၀၅ |
| ၉ | ဦးစိုးမြင့်ရွှေ | ဦးဘဟန် | ၈/စလန(နိုင်)၁၀၈၆၈၂ | ၄၆ | အဖွဲ့ဝင် | ၀၉-၄၂၁၆၅၄၄၅၇ |
| ၁၀ | ဦးကြည်ခိုင် | ဦးထွန်းကြည် | ၈/စလန(နိုင်)၁၀၈၆၈၉ | ၃၈ | အဖွဲ့ဝင် | ၀၉-၂၆၅၉၃၆၆၄၅ |
| ၁၁ | ဦးဇော်ဝင်း | ဦးပိန် | ၈/စလန(နိုင်)၀၇၆၃၂၄ | ၄၄ | အဖွဲ့ဝင် | ၀၉-၄၀၀၇၁၀၂၁၈ |
| ၁၂ | ဦးကျော်ကျော် | ဦးတင်ရွှေ | ၈/စလန(နိုင်)၁၀၈၇၃၆ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၅၁၅၁၆၆၇၆ |
| ၁၃ | ဦးအေးခိုင် | ဦးစံလွင် | ၈/စလန(နိုင်)၁၆၀၆၄၈ | ၃၆ | အဖွဲ့ဝင် | ၀၉-၄၂၇၈၉၃၄၉၆ |
| ၁၄ | ဦးဝင်းမြင့်အောင် | ဦးတင်ရွှေ | ၈/စလန(နိုင်)၁၀၈၆၉၉ | ၃၇ | အဖွဲ့ဝင် | ၀၉-၄၅၆၅၆၇၃၄၄ |
| ၁၅ | ဒေါ်ချောစုလှိုင် | ဦးကြံတိုင်းအောင် | ၈/စလန(နိုင်)၂၇၀၂၈၀ | ၂၆ | အဖွဲ့ဝင် | ၀၉-၈၉၈၈၉၀၈၃၆ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၆ | ၁၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၁၃ | ၂၈ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၁၈ | ၄၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၂၉ | ၅၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၃ | ၂၅၀ | ၄၇၃ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၃၅ | ၅၆ | | |
| စုစုပေါင်း | | ၃၁၆ | ၃၅၁ | ၆၆၇ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၉ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ပျမ်းမျှတစ်မိသားစုလျှင် (၃.၇)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ(၇၀.၉၁%)ရှိပြီး လူဦးရေစုစုပေါင်း၏(၂၉.၀၉%)သည် မှီခိုသူများ ဖြစ်ပါသည်။**

**(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂-၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/ သင့်/ ညံ့ | ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း) | ရေရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၄၁.၃ | သင့် | ရ | ချောင်း |
| ယာမြေ/တောင်ယာမြေ | ၂၁၀.၂ | သင့် | ရ | ချောင်း |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်းစိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၁၉၆.၃ | သင့် | ရ | ချောင်း |
| စားကျက်မြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/ သင့်/ ညံ့ | ရေရရှိမှု (ရ/ မရ/ အနည်း အကျဉ်း) | ရေရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်းစသည်) |
|---|---|---|---|---|
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၅၄၇.၈ | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်မြေဧက (၁၄၁.၃)ဧက၊ ယာမြေဧက(၂၁၀.၂)ဧကနှင့် ကိုင်းကျွန်းမြေဧက(၁၉၆.၃)ဧကရှိပြီး စပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးကြပါသည်။

(၂-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/ သင့်/ နည်း/ မရှိ) | အသုံးပြုနိုင်မှု (လွယ်/ ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ ရေနံ) | | |
| ဓာတ်သတ္တု(ကျောက်မျက် သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊ တိရိစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနှင့်(၃ဖာလုံ)ခန့်အကွာတွင် မြေနီကျောက်စရစ်များ အလွယ်တကူရရှိနိုင်ပါသည်။

(၃) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေး ရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်</u> <u>အထက်</u>ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁□၂✔၃□ | ပညာရေး ✔ ငွေကြေး □<br>ကျန်းမာရေး ✔ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း ✔<br>သင့် □<br>ညံ့ □ |
| ၂ | ဓမ္မစကူးလ် | ၁□၂□၃✔ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့် ✔<br>ညံ့ □ |
| ၃ | ဝတ်အသင်း | ၁□၂□၃✔ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့် ✔<br>ညံ့ □ |
| ၄ | အရန်မီးသတ်အဖွဲ့ | ၁□၂ ✔ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့် ✔<br>ညံ့ □ |
| | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂)　လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။
(၃)　ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။　။ကျေးရွာတွင်းရှိ အဖွဲ့(၄)ဖွဲ့ရှိပါသည်။ ကျေးရွာလူထု၏ သဘောတူညီမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။

(၄)　စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(၄-၁)　ဥစ္စာဓနအဆင့်

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ကေနှင့်အထက် | ၃ကေ- ၅ကေ | ၃ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်/သွပ်မိုး | ပျဉ်ကာ/သွပ်မိုး | ထရံကာ/သွပ်မိုး | ထရံကာ/သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ထွန်စက်၊ ကား၊ ထော်လာဂျီ၊ နွား ၃ရှဉ်း | ထွန်စက်၊ နွား ၁ရှဉ်း | နွား ၁ရှဉ်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ/ကုန်သွယ် | တောင်သူ | တောင်သူ /ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၃၃ | ၇၈ | ၄၈ |

လေ့လာတွေ့ရှိချက်။　။ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၂၀)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၃၃)၊ မပြေလည်သောအိမ်ထောင်စု (၇၈)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၄၈)ရှိပါသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၃ | ၄၆.၃၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၄၈ | ၂၆.၈၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၈ | ၁၅.၆၄ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂၀ | ၁၁.၁၇ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၇၉ | ၁၀၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၇၉)အိမ်ထောင်စုရှိပါသည်။ဆင်းရဲသား တောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်းခွင်တွင်လည်းကောင်း၊ လက်သမား၊ ကျပန်းနေ့စားများအဖြစ်လည်းကောင်းလုပ်ကိုင်ကြပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊ သင့်၊ များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁ | တင်း | ၄၀ | ၇၀ | ၅၅ | သင့် |
| ပဲမျိုးစုံ | ၁ | တင်း | ၃၀ | ၆၀ | ၄၅ | သင့် |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ ပဲမျိုးစုံစသည်တို့ကို အဓိကစိုက်ပျိုးကြပါသည်။

**(၄-၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၁၀ | ၄၃၃ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၂၁ | ၄၄ |
| ကြက် | ၅၅ | ၅၇၁ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နွား၊ ဝက်နှင့် ကြက်ကို အဓိကမွေးမြူကြပါသည်။**

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | ၂၀ | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး**ပစ္စည်း**များပြင်ဆင်ရေး | | ၂ | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာသင်တန်းပေးသူ) | | ၉ | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | | ၁ | | |
| ၈ | ဟော်တည်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | ၃ | | |
| ၁၃ | ကျန်းမာရေး | | ၁ | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | **၃၆ ဦး** | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း လုပ်ကိုင်သူ- ၁၀ဦး၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူ-၁၀၊ စက်ပြင်-၃ဦး၊ ဆံပင်ညှပ်-၁ဦး၊ အပ်ချုပ်-၈ဦး၊ လက်လီလက်ကား ရောင်းကုန်ဝယ်သူ-၁ဦး၊ ပညာရေးဝန်ထမ်း-၃ဦးနှင့် ကျန်းမာရေးဝန်ထမ်း-၃ဦးစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

**(၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(၅-၁) ဈေး**

**ဇယား (၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ**

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (မြို့/ ရွာ) | စလင်းမြို့ | မကွေးမြို့ |
| **ရွာမှအကွာအဝေး** (မိုင်) (**အနီးစပ်ဆုံးတစ်ခုကိုခန့်မှန်းပြီးရွေးချယ်ရန်**) | ဝမှ၁မိုင်☐ ၁မှ၅မိုင်☐ ၅မှ၁ဝမိုင် ☐ ၁ဝမှ၁၅မိုင် ☐ ၁၅မိုင်အထက် ✔ | ဝမှ၁ဝမိုင်☐ ၁၁မှ၂ဝမိုင် ☐ ၂၁မှ၃ဝမိုင်☐ ၃ဝမှ၅ဝမိုင် ☐ ၅၁မှ၁ဝဝမိုင် ✔ ၁ဝဝမိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ✔ ရထား☐ သုံးဘီးဆိုင်ကယ် ☐ လှေ☐ စက်လှေ☐ | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ✔ ရထား☐ သုံးဘီးဆိုင်ကယ် ☐ လှေ☐စက်လှေ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များစသည် တို့ကို ဝယ်ယူရန် (၅/၀)မိုင်ခန့်ကွာဝေးသည့် စလင်းမြို့ဈေးသို့ သွားရောက်ဝယ်ယူကြရပါသည်။**

(၅-၂) ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

| လမ်းအမျိုးအစား | အမျိုး<br>အစား | အရည်<br>အသွေး | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✔၂☐၃<br>☐၄☐၅☐ | ကောင်း☐သင့်✔ညံ့☐ | ပွင့်လင်းရာသီ✔တစ်နှစ်ပတ်လုံး☐ | ၀-၁မိုင် ☐<br>၁-၅မိုင် ✔<br>၅-၁၀မိုင် ☐<br>၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁✔၂☐၃<br>☐၄☐၅☐ | ကောင်း☐သင့်✔ညံ့☐ | ပွင့်လင်းရာသီ✔တစ်နှစ်ပတ်လုံး☐ | ၀-၁မိုင် ☐<br>၁-၅မိုင် ✔<br>၅-၁၀မိုင် ☐<br>၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☐၂✔၃<br>☐၄☐၅☐ | ကောင်း☐သင့်✔ညံ့☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး✔ | ၀-၁မိုင် ☐<br>၁-၅မိုင် ✔<br>၅-၁၀မိုင် ☐<br>၁၀မိုင်အထက် ☐ |

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကျောက်ချောလမ်း - ၃၊ကွန်ကရစ်လမ်း - ၄၊ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ချဉ်းကပ်လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပြီး ရွာချင်းဆက်လမ်းများမှာလည်း ချိုင့်များဖြစ်နေ၍ သွားလာရခက်ခဲပါသည်။

**(၅-၃)　ရေကြောင်းသယ်ယူပို့ဆောင်ရေး**

**ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင်✓ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀မှ၁၀မိုင် ☐<br>၁၁မှ၂၀မိုင် ☐<br>၂၁မှ၅၀မိုင် ☐<br>၅၀မိုင်အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀မှ၁၀မိုင် ☐<br>၁၁မှ၂၀မိုင် ☐<br>၂၁မှ၅၀မိုင် ☐<br>၅၀မိုင်အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။　။**..........................................................................................

..........................................................................................

**(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

**ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၉ | ၁၁၉ | ၁ | | | | ၄၅ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။　။ စက်ဘီးကိုအများအားဖြင့် ကျောင်းသား/သူများ ရွာကျောင်းသို့ ကျောင်းတက်ရာတွင် အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်၊ သုံးဘီးနှင့် ထော်လာဂျီများကို အသုံးပြု ကြပါသည်။**

**(၅-၅) လျှပ်စစ်မီးရရှိမှု**

**ဇယား (၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၈၃ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၉၆ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီးအသုံးမပြုနိုင်သော** | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆိုလာစနစ်အသုံးပြုသူ (၈၃)ဦးနှင့် ဒီဇယ်အင်ဂျင်အသုံးပြုသူ(၉၆)ဦး ရှိပါသည်။**

**(၅-၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

**ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | **၁၈၆** | **၅၄** | **၄၂** | |

**ရင်းမြစ်… အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ခေတ်နှင့်အညီတိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများလက်လှမ်းမီစွာ အသုံးပြုနိုင်သည့် အတွက် ဆက်သွယ်ရေးကောင်းမွန်သောကျေးရွာဖြစ်ပါသည်။ သတင်းအချက်အလက်များလေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက်ရှိကြပါသည်။**

(၆) ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၃ | ၂၆ | ၅၉ |
| အလယ်တန်း | ၁၆ | ၁၈ | ၃၄ |
| အထက်တန်း | ၈ | ၁၂ | ၂၀ |
| တက္ကသိုလ်/ကောလိပ် | ၆ | ၁၈ | ၂၄ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။**။ဤဇယားကိုဖြည့်သွင်းရာတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရပညာရေးဝန်ကြီးဌာနမှအသိအမှတ်ပြုထားသောစာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာဖြည့်သွင်းရန် ဖြစ်ပါသည်။ **၄င်းအပြင်"ဘုန်းကြီးကျောင်းသင်ပညာရေး"ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကိုအခြေခံပညာဦးစီးဌာနမှသတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်း(၅၉)ဦး၊ အလယ်တန်း(၃၄)ဦး၊ အထက်တန်း(၂၀)ဦး၊ တက္ကသိုလ်တက်နေသူ(၂၄)ဦးရှိသည့်အတွက် ပညာရေးကဏ္ဍတိုးတက်သည့်ကျေးရွာဖြစ်ပါသည်။**

(၆-၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုမျ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။**ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ✔<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ✔<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ✔ |

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>ခ။ရွာမှအကွာအဝေး (မိုင်)</td><td colspan="3">၀မှ၁မိုင် ✔<br>၁မိုင်မှ၃မိုင် ☐<br>၁၅မိုင်မှ၂၀မိုင် ☐<br>၂၀မိုင်အထက် ☐</td><td colspan="3">၀မှ၁မိုင် ☐<br>၁မိုင်မှ၃မိုင် ✔<br>၁၅မိုင်မှ၂၀မိုင် ☐<br>၂၀မိုင်အထက် ☐</td><td colspan="3">၀မှ၁မိုင် ☐<br>၁မိုင်မှ၃မိုင် ✔<br>၁၅မိုင်မှ၂၀မိုင် ☐<br>၂၀မိုင်အထက် ☐</td></tr>
<tr><td>ဂ။သယ်ယူပို့ဆောင်<br>ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ✔<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ✔<br>ကား ☐</td></tr>
<tr><td>ဃ။စာသင်ကျောင်း၏<br>စုစုပေါင်းကြမ်းခင်း<br>ဧရိယာ (စတုရန်းပေ)*</td><td colspan="3">၁၀၇’x ၆၇’</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။အမိုး၊နံရံ၊အခင်း<br>အရည်အသွေး</td><td colspan="3">ကောင်း✔သင့်☐ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td></tr>
<tr><td>စ။ကျောင်းသုံးပရိဘော<br>ဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ကျောင်းအိမ်သာ<br>အခြေအနေ</td><td colspan="3">ကောင်း ✔ သင့် ☐<br>ညံ့☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့်☐<br>ညံ့ ☐ မရှိ☐</td><td colspan="3">ကောင်း ☐ သင့်☐<br>ညံ့ ☐ မရှိ☐</td></tr>
<tr><td>ဈ။ကျောင်းအာဟာရ<br>တိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်✔<br>တိုက်ကျွေးမှုမရှိပါ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှုမရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှုမရှိပါ ☐</td></tr>
<tr><td>ဓ။ ကျောင်းဆရာ/မဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၂</td><td>၃</td><td>၅</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊** (၂) **မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင်စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာဖြေဆိုရပါမည်။ စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည်စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦ အားလုံး၏စုစုပေါင်းဧရိယာကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်း(မူလွန်) အထိသာပညာသင်ကြားနိုင်ပြီး ကျောင်းသားအရေ အတွက်နှင့် ကျောင်းဆောင်လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာလည်းကောင်းမွန်ပါသည်။ ပရိဘောဂပစ္စည်းများ လုံလောက်မှုမရှိပါ။ အလယ်တန်းကို ကျေးရွာနှင့်(၂)မိုင်ဝေးသည့် ငါးသန်ခေါင်း ကျေးရွာကျောင်းသို့ သွားရောက်ပညာသင်ကြားရပြီး အထက်တန်းကို ကျေးရွာနှင့်(၅)မိုင်ဝေးသည့် စလင်းမြို့(အ.ထ.က)ကျောင်းများသို့ သွားရောက်ပညာသင်ကြားရပါသည်။**

**(၇) ကျန်းမာရေးနှင့်အာဟာရ**

**(၇-၁) အဖြစ်များသောရောဂါများ**

**ဇယား (၁၈) အဖြစ်များသောရောဂါများ**

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☐ မရှိ✓ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်✓ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ✓ |
| ၄ | အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ | မြင့်☐ နိမ့်☐ မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ✓ |
| ၆ | တီဘီ | မြင့်☐ နိမ့်☐ မရှိ✓ |
| ၇ | ဆီးချို | မြင့်☐ နိမ့်✓ မရှိ☐ |
| ၈ | သွေးတိုး | မြင့်✓ နိမ့်☐ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊စီ) | မြင့်☐ နိမ့်☐ မရှိ✓ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ✓ |
| ၁၁ | အခြားကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ✓ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သက်ကြီးပိုင်းအရွယ်များတွင်သာ သွေးတိုးရောဂါများ အဖြစ်များကြပါသည်။**

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိအမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြားစုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေးအစီအစဉ် | ✔ | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၅နှစ်အောက်ကလေးများအတွက် လစဉ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျှက်ရှိပါသည်။**

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ**

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ | ဝမှ၁မိုင် ☐<br>၁မိုင်မှ၃မိုင် ✔<br>၃မိုင်မှ၅မိုင် ☐<br>၅မိုင်မှ၁၀မိုင် ☐<br>၁၀မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ်ဆေးရုံ | ဝမှ၁မိုင် ☐<br>၁မိုင်မှ၃မိုင် ☐<br>၃မိုင်မှ၅မိုင် ☐ | ရှိ ☐<br>မရှိ ☐ |

| **ကျန်းမာရေးဝန်ဆောင်မှု** | **ခရီးအကွာအဝေး (မိုင်)** | **အခန်း/ကုတင်လုံလောက်မှု** |
|---|---|---|
| | ၅မိုင်မှ၁၀မိုင် ☐<br>၁၀မိုင်အထက် ☐ | |
| မြို့နယ်ဆေးရုံ | ဝမှ၁မိုင် ☐<br>၁မိုင်မှ၃မိုင် ☐<br>၃မိုင်မှ၅မိုင် ☐<br>၅မိုင်မှ၁၀မိုင် ☐<br>၁၀မိုင်အထက် ✔ | ရှိ ✔<br>မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အရေးပေါ်အခြေအနေနှင့်တွေ့ကြုံပါက ကျေးရွာမှ(၁၇)မိုင်ခန့်ဝေးသော စလင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။**

**(၇-၄) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**(၇-၄-၁) သောက်သုံးရေရရှိမှု**

**ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု**

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **ရေ အရည်အသွေး** | **လုံလောက် မှု (နွေ၊ မိုး၊ ဆောင်း)** |
|---|---|---|---|
| ရေတွင်း | ၁၃၅ | ကောင်း☐သင့်✔ ညံ့☐ | နွေ ၊မိုး ၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | ၄၄ | ကောင်း☐သင့်✔ ညံ့☐ | နွေ ၊မိုး ၊ ဆောင်း |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေလုံလောက်မှုရှိပါသည်။**

**(၇-၄-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်)**

**ဇယား (၂၂) အိမ်သာအမျိုးအစား**

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု** | |
| ရေဆွဲအိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၉ |
| **မသန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိအိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ယင်လုံအိမ်သာ(၁၇၉)လုံးရှိပါသည်။ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာ တစ်လုံးကို(၂)အိမ် အတူတူသုံးစွဲကြပါသည်။ တစ်ရွာလုံးနီးပါးမှာယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါနှင့် ယင်ကြောင့်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျောရောဂါ ဖြစ်ပွားမှုမှာနည်းပါးပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများဇယား**

**ဇယား (၂၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ဘေးအန္တရာယ်အမျိုးအစားများ | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | |
| ၂ | သဘာဝအရင်းအမြစ်ရှားမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | မိုးရာသီတွင် ရေကြီးပြီး လယ်/ယာထဲသို့(၃ပေ)အမြင့်ထိ ရေမြင့်တက်လာခြင်း။ |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |

| စဉ် | ဘေးအန္တရာယ်အမျိုးအစားများ | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | |
| ၁၁ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | |
| ၁၂ | သစ်တောပြုန်းတီးခြင်း | |
| ၁၃ | ငှက်ဖျားရောဂါ | |
| ၁၄ | တီဘီရောဂါ | |
| ၁၅ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၆ | ပြည်တွင်းပဋိပက္ခ | |
| ၁၇ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် နွားများခွာနာလျှာနာအဖြစ်များလာခြင်း။ |
| ၁၈ | လူကုန်ကူးခြင်း | |
| ၁၉ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။-------------------------------------------------------------------

-------------------------------------------------------------------------------------------

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊ မြင့်) | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | နိမ့် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။-------------------------------------------------------------------

-------------------------------------------------------------------------------------------

**(၁၀)   ကျား – မရေးရာ**

**ဇယား (၂၅) ကျား – မရေးရာ**

| **စဉ်** | **ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ** | **ဦးတည်အုပ်စုဆွေးနွေးပွဲတွင်တက်ရောက်သူများမှမှန်သည်ဟုယူဆသောတစ်ခုကိုရွေးပေးပါရန်** | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | **ရှိ☐** | **မရှိ ✔** |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | **ရှိ ✔** | **မရှိ☐** |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။**      ။...........................................................................................................................